**Burmese Democratic Futures Working Group – BDFWG**

**University of Virginia**

# Myanmar Weekly Conflict Update (November 15 - 21, 2024)

## နိုဝင်ဘာလ တတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် နိုဝင်ဘာ တတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၅၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၁၂ ဦးနှင့် အမျိုးသမီး ၆ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၈ ဦး သေဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၁၁ ဦး၊ ကချင်ပြည်နယ်တွင် ၁၀ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၅ ဦး၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၃ ဦးစီ၊ ပဲခူးတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၇ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ တိုင်း ၂ တိုင်းတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၀၁ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၃၁၄ လုံးနှင့် မကွေးတိုင်းတွင် ၁၈၇ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၆ ခုတွင် နိုဝင်ဘာလ တတိယအပတ်အတွင်း အရပ်သားပြည်သူ ၉၂ ဦး ဖမ်းဆီးခံခဲ့ရသည်။ ပဲခူးတိုင်းတွင် ၆၀ ဦး၊ ဧရာဝတီတိုင်းတွင် ၁၄ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၁ ဦး၊ ရန်ကုန်တိုင်း တွင် ၃ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၂ ဦးစီတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၁၁ ခုတွင် နိုဝင်ဘာလ တတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၁၄၁ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၇၈ ကြိမ်၊ မန္တလေးတိုင်းတွင် ၁၇ ကြိမ်၊ မွန်ပြည်နယ်တွင် ၁၅ ကြိမ်၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅ ကြိမ်စီ၊ ရခိုင်ပြည်နယ်တွင် ၄ ကြိမ်၊ ပဲခူးတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## နိုဝင်ဘာလ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ တတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း အကြိမ် ၈၆ ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၂၉ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၁ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ မွန်ပြည်နယ်တွင် ၁၀ ကြိမ်၊ မကွေးတိုင်းတွင် ၈ ကြိမ်၊ ကချင်ပြည်နယ်တွင် ၇ ကြိမ်၊ ချင်းပြည်နယ်တွင် ၅ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၂ ကြိမ်စီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

နိုဝင်ဘာလ တတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၂၆ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၄ ဦး ကျဆုံးခဲ့ပါသည်။

## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုက်တီမြို့ကို KIA ဦးဆောင်သော တော်လှန်ရေးတပ်များက နိုဝင်ဘာ ၂၀ ရက်တွင် အပြီးသတ် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**



| Data of Myanmar Conflict 15-21, November 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 14 | | |
| **BAGO** | | 1 | | | | 1 | 60 | | |
| **CHIN** | 5 | 5 | | | | | | | |
| **KACHIN** | 7 | 1 | | 2 | 7 | 3 | | | |
| **KARENNI** | | 5 | | | | | | | |
| **MAGWAY** | 8 | 5 | 44 | 3 | | 3 | | | 187 |
| **MANDALAY** | 11 | 17 | 56 | | 1 | 2 | | | |
| **MON** | 10 | 15 | 3 | | | | | | |
| **RAKHINE** | 11 | 4 | | | 2 | 9 | | | |
| **SAGAING** | 29 | 78 | 15 | 9 | 1 | 17 | 11 | | 314 |
| **SHAN ( N )** | 2 | 5 | | | 1 | 4 | | | |
| **SHAN ( S )** | 1 | 5 | | | | | 2 | | |
| **TANINTHARYI** | 2 | | 8 | | | | 2 | | |
| **YANGON** | | | | | | | 3 | | |
| **TOTAL** | **86** | **141** | **126** | **14** | **12** | **39** | **92** | | **501** |

# Map of Myanmar Conflict ( November 15-21, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံ အရှေ့ဖျားဒေသမှ ဘူရားတီးရားပြည်နယ်အစိုးရ ဥက္ကဋ္ဌတို့ နိုဝင်ဘာ ၁၅ ရက်က နေပြည်တော်တွင်တွေ့ဆုံကြပြီး တိုက်ရိုက်လေကြောင်းပျံသန်းရေး ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလအတွင်းတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ လုံခြုံရေးအတွက် စစ်ကောင်စီနှင့် တရုတ်တို့ ပါဝင်သော လုံခြုံရေးအဖွဲ့ကို ပူးတွဲဖွဲ့စည်း ဆောင်ရွက်ပြီး ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကျော်ရွှေထွန်းနှင့် တရုတ် CITIC Group ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တရုတ်လုံခြုံရေးအဖွဲ့ဝင်များ၊ တရုတ်နည်းပညာရှင်များ ပါဝင်ကြောင်း သိရှိရသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Khonumthung Burmese, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, DVB, BBC, MeKong News, Than Lwin Times, PVTV, Myanmar Now, The Nation Voice.**